# မောင်ကိုကို
( အ မ ရ ပူ ရ )

## ချစ်သူမတ်ဖို့ ပန်းသီးကမ္ဘာ

ING-2000

အချစ်နေ့

ချစ်သူ

ပြုံးစူခြင်း...ပြစ်တင်ခြင်းများစွာဖြင့်

မင်း အငြင်းပွားခဲ့သည်မှာ

ရက်ပေါင်းများစွာ ရှည်လျားသွယ်ဆက်ခဲ့ပြီ။

ကောင်းကင်အပြာ

တိမ်လွှာမျောလွင့်...ငြိမ့်ညောဖြည်းညင်

ထင်းရှူးပင်စိမ်းလန်း ဒေစီပန်းပွင့်စို

စပျစ်ချိုသီး ဝါးမျိုယစ်ရှူ

လှပသော နေ့...သည် ယနေ့မူ

သိမ်မွေ့သန့်ရှင်း...အပြစ်ကင်းစင်

အလင်းတည်ဖြစ်

အချစ်အကြောင်း ပြောကြစို့။

အမုန်းကြိုးကို ဖြတ်ကြစို့။

**[ ရှုမဝ၊ ဒီဇင်ဘာ၊ ၈၃ ]**

* * *

ချစ်သူရထား

(၁)

ကိုယ်တို့ ရှေ့ခုံက လူတွေရော

ကိုယ်တို့ နောက်ခုံကလူတွေရော

အားလုံး အိပ်မောကျသွားပြီ။

ကိုယ်တို့ ရထားဟာ

ဘယ်လို အာကာသ

ဘယ်လို မိုးကောင်းကင်

ဘယ်လို ဥမင်လိုဏ်ခေါင်း

ဘယ်လို သံပေါင်မြင့်မြင့်ခုံးခုံး တံတားများ အတွင်းထဲမှာ

ထွင်းဖောက်သွားပါသလဲ။

ရထား သံလမ်းနံဘေးမှာ

ကျွဲကျောင်းတဲ့ ကောင်လေးဟာ

(ကျွဲပေါ်ခွစီးကာ ပုလွေကို မှုတ်နေမှာပဲ) ကျေးလက်ဆန်ဆန်
ကောင်မလေးတစ်ယောက်ဟာ

ချောင်းအစပ်မှာ အိုးတစ်လုံးနဲ့ ရေခပ်လို့လာ

ဟိုမှာ...

ရော်ဘာသစ်တောအုပ်လား

စိမ်းစိမ်းညိုမှောင် တောင်ကုန်းတွေလား

ပန်းမရမ်းရောင်ချယ်ရီပွင့်တွေ ဝေနေတဲ့ ချယ်ရီတောလား

ခရစ္စမတ်သစ်ပင်လို

ပြွတ်သိပ်ခဲ လိမ္မော်သီးဝါဝါတွေနဲ့ လိမ္မော်ပင်တွေလား

ကိုယ်တို့နှစ်ယောက်သိတာကတော့

အလူမီနီယမ် ပြတင်းပေါက်နဲ့ မှန်ပြတင်းပေါက်တွေ

လုံခြုံအောင် ပိတ်ဆီး ထားတာကိုပါပဲ

ခန်းဆီးပြာပြာလေးက ကိုယ်တို့ကို ကြည့်နေမှန်းသိလည်း

ဆိုဖာတွေထဲ ကိုယ်တို့ ကိုယ်ခန္ဓာနှစ်ခု နစ်မြုပ်လျက်

သန့်စင်သောက်ရေအေးတစ်ခွက် ယူသောက်ဖို့ မစဉ်းစားမိဘဲ

ကိုယ်တို့နှစ်ဦးသား နမ်းနေမိကြတာပေါ့ကွယ်။

(၂)

ကျည်ဆန်တွေကို ခိုတွယ်စီးပြီး လိုက်ပါရသလို

ကိုယ်တို့ ပျံသန်းခဲ့ကြတယ်။

အဲဒီ တုန်းက ဟောဒီ အမြန်ရထားကြီး တစ်စီးလုံးဟာ

ကိုယ်တို့ နှစ်ယောက်ဖြစ်နေပေါ့။

လွတ်ထွက်မသွားအောင် ကိုယ်တို့နှစ်ဦးသား တင်းကျပ်စွာ

ပွေ့ဖက်ထားကြ

တစ်ဦးရဲ့ ကိုယ်ကာယဆီက ပွင့်ဖူးလာတဲ့ မွှေးရနံ့ကို

တစ်ဦးက မက်မောမိန်းမူး ရှူရှိုက်လို့

ဘယ်တော့မှ ကိုယ်အိမ် ကိုယ့်အခန်းဆီ ပြန်မအိပ်တော့တဲ့လူလို

ကိုယ်တို့ဟာ ရထားတွဲကလေးထဲမှာ လုံခြုံ နွေးထွေးစွာ ချစ်ခဲ့ကြရဲ့။

(၃)

အဲဒီ ရင်ခုန်မောလျှဖွယ် အတိတ်ကို ပြန်တွေးနေတုန်း

ခပ်လှမ်းလှမ်းဆီက လာနေတဲ့ ရထားဥသြသံကြောင့်

ရထားသံလမ်းနံဘေးက ကုန်စိမ်းဈေးကလေးဟာ

လန့်ဖျပ် တုန်ခါ လွင့်စဉ်သွားပေါ့။

ကိုယ့်ချစ်သူ ပါလာတဲ့ အမြန်ရထားတစ်စီးဟာ

အမြန်ဆုံး ခုတ်မောင်းလာနေပြီ။

မြို့ကလေးရဲ့ ဘူတာရုံကလေးကနေ ကိုယ်စောင့်လို့

ကြိုခဲ့ပေါ့။

ချစ်သူရဲ့ ရထားဟာ

ကိုယ်စောင့်နေတဲ့ ဘူတာရုံလေးမှာ ရပ်လည်းမရပ်

အလူမီနီယမ် ပြတင်းပေါက်နဲ့ မှန်ပြတင်းပေါက်ကို

ပိတ်ထားသမို့

ခန်းဆီးပြာပြာလေးရော

ချစ်သူရဲ့ လက်ဖဝါးလေးရော

ချစ်သူရဲ့ အပြုံးလေးရော

ကိုယ် မြင်ခွင့် မရနိုင်တော့တာပါပဲ

ရထားဟာ ခုတ်မောင်း ကျော်လွန်သွားခဲ့ပါပြီ။

(၄)

ချစ်သူကိုယ်တိုင်က အမြန်ရထားတစ်စီး ဖြစ်သွားပြီး

ကိုယ်ဟာ ကြေကွဲဆွေးလျှနေတဲ့ ဘူတာရုံလေးဖြစ်ကာ

ကျန်ရစ်ခဲ့။

(၅)

ချစ်သူရထားဟာ

ဒီသံလမ်းနှစ်လမ်းပေါ်မှာပဲ

ဘယ်တော့များ နောက်ကြောင်း ပြန်လှည့်လာလိမ့်မလဲလို့

ဘူတာရုံလေးဘဝနဲ့

ကိုယ် အမြဲစောင့်ကြိုနေလျက်ပါပဲကွယ်။ ။

**[သရဖူ၊ ဧပြီ၊ ၉၈]**

*

သင်္ကေတ

လေထဲမှာ လွင့်မျောနေတဲ့ အလံ

အဲ့ဒါ တိုင်းပြည်တစ်ခုရဲ့ သင်္ကေတပေါ့။

မြစ်ကြီးတစ်ခုရဲ့ နာမည်

အဲ့ဒါလည်း တိုင်းပြည်ရဲ့ သင်္ကေတပဲ။

တိုင်းပြည်တွေမှာ သင်္ကေတတွေ ရှိသလို

ချစ်သူနှစ်ဦးရဲ့ အချစ်တွေမှာလည်း

သင်္ကေတတွေ မြှုပ်နှံဖောင်းကြွလို့။

လေဒီချက်တာလီဟာ ချစ်သူဥယျာဉ်စောင့်ရဲ့

ရင်ခွင်နက်ရှိုင်းဆီ

ဒီည ခိုဝင်ဖြစ်မယ်ဆိုတာ ကြိုတင်ပြီး ချစ်သူသိအောင်

ပြတင်းပေါက် ခန်းဆီးရဲ့ အရောင်တွေနဲ့ ဖော်ပြခဲ့တယ်။

အဲ့ဒါ ချစ်သူနှစ်ဦးသာ သိနားလည်တဲ့

အချစ်ရဲ့ သင်္ကေတပေါ့။

ဦးထုပ်အနီကလေးကို

ကိုယ်ဆောင်းထားပြီး

ကော်ဖီရှော့ပ်ရဲ့ အပေါက်ဝကုလားထိုင်မှာ

ကိုယ်ထိုင်လို့ပေါ့။

အဲ့ဒီ ဦးထုပ်အနီလေးဟာ ကိုယ့်အချစ်အတွက်

ကိုယ့်ရဲ့ သင်္ကေတပေါ့။

ရေညှိစိမ်းရောင် အကျႌလေးဟာလည်း

အချစ်ရဲ့ သင်္ကေတပဲ။

အစိမ်းရောင် သစ်ရွက်တွေနဲ့ အမြဲ စောင့်ကြိုဝေဆာနေတဲ့

ပန်းအိုးကြီး တစ်လုံးထဲ ကော်ဖီမစ်လေးတစ်ထုပ်

ပစ်ထည့်လိုက်တယ်။

ချစ်ရမ္မက်နှင်းရည်တွေ စိုရွှဲနေတဲ့ စာလေးတစ်စောင်

ပလတ်စတစ်နဲ့ ပိတ်ပြီး ပန်းအိုးကြီးထဲ ပစ်ထည့်ခဲ့ပြန်တယ်။

အဲ့ဒါတွေလည်း အချစ်ရဲ့ သင်္ကေတပဲ။

အပြာရောင် ရှပ်အကျႌတစ်ထည် အနီရောင်ပန်းသီးတစ်လုံး

အညာက ကောက်လာတဲ့ အာလူးသီးကျောက်ခဲ

ပြင်ဦးလွင် မက်မန်းဝိုင်နဲ့ စပျစ်သီးတွေနဲ့ ကိတ်မုန့်

မရမ်းရောင် သစ်ခွပန်းတစ်ခိုင်

ခရမ်းရောင် ဆပ်ပြာမွှေး

ဖိနပ်ကလေးတစ်ရန်နဲ့ မိုးရေထဲက ထီးနီနီလေးတစ်ချောင်း

အားလုံး ပေါင်းစပ်ချင်ရင်လည်း ပေါင်းစပ်

တစ်ခုစီ သပ်သပ် ဖော်ပြချင်ရင်လည်း ဖော်ပြ

မနက်ငါးနာရီ နှင်းမှုန်ပြာရီဝေထဲမှာ

လမ်းလျှောက်ခြင်း ရုပ်ပုံလွှာ

ဒါတွေဟာ အချစ်ရဲ့ သင်္ကေတပါပဲကွယ်။

တိုင်းပြည်တွေမှာ

မြစ်တွေ အလံတွေ ယဉ်ကျေးမှုတွေ ဝတ်စုံတွေ အကတွေ

အစရှိတဲ့ သင်္ကေတတွေ ရှိနေသလိုပဲ

ချစ်သူနှစ်ဦးမှာလည်း သူတို့ နှစ်ဦးထဲသာသိတဲ့

လျှို့ဝှက်သင်္ကေတတွေ ရှိနေတယ်ဆိုတာ

ဘယ်သူ ငြင်းဆိုမလဲ။ ။

**[ သရဖူ၊ ၁၉၉၉ ]**

*

အမုန်း

တယ်လီဖုန်းကို

ငါ မုန်းတတ်ပြီ။

အမှတ်တမဲ့

ထိုးခဲ့သော လက်မှတ်က

ငါ့ကို ချုပ်ကိုင် သူ နိုင်ဆဲပင်။

အို...မီးသီးလုံးလေး

ငါ မုန်းသည့်အရာထဲမှာ

သင်...တစ်ခု အပါအဝင်ဖြစ်

အရိပ်ကို အပြစ်ဖွဲ့မိတော့သည်။ ။

**[ ရှုမ၀၊ ၈၃ ]**

* * *

ကျွန်တော့်ရဲ့ သံပုရာပင်လေးအကြောင်း

ကျွန်တော့်ရဲ့ သံပုရာပင်လေးဟာ

ဘော့စနီးယား ပြန်လည် တည်ဆောက်ရေး

အစည်းအဝေးကို

တက်ရောက်ဖို့ မလိုအပ်သလို

အေဒီဘီက ချေးငွေယူဖို့ကိစ္စလည်း

စိတ်ကူးစိတ်သန်းနဲ့ မသမ်းဝေခဲ့ပါဘူး။

ကျွန်တော့်ရဲ့ သံပုရာပင်လေးဟာ

HIV ပိုး မရှိတာမို့

နောက်ဆုံးပေါ် ဓာတ်ခွဲခန်းမှာ

ဆေးစစ်ဖို့ရာလည်း မလိုအပ်ပါဘူး။

ကျွန်တော့်ရဲ့ သံပုရာပင်လေးဟာ

အဏုမြူပုံး အလုံးတစ်သောင်းအားကိုးနဲ့

တခြားနိုင်ငံကို စောင်းမြောင်းရန်လိုဖို့လည်း

စိတ်ကူးစိတ်မိုက်နဲ့ မတိုက်ခိုက်ခဲ့ပါဘူး။

ကျွန်တော့်ရဲ့ သံပုရာပင်လေးမှာ

ဒုံးပျံတွေ မရှိသလို

ခမာနီ အကြမ်းဖက် ခေါင်းဆောင်တစ်ဦးလို

ထွက်ပြေး တိမ်းရှောင်မှာလည်း မဟုတ်ပါဘူး။

ကျွန်တော့်ရဲ့ သံပုရာပင်လေးဟာ

မိုက်တိုင်စန်နဲ့ လက်ဝှေ့ထိုးဖို့လည်း

ဘယ်တော့မှ စိန်မခေါ်ပါဘူး။

(ကျွန်တော့်ရဲ့ သံပုရာပင်လေးမှာ

ရောအင်ရိုးလ်သီချင်းတွေ နားထောင်ဖို့အတွက်

စိမ်းဝါရောင် နားရွက်လှလှလေးတစ်စုံ ရှိနေတယ်လေ။) ကျွန်တော့်ရဲ့ သံပုရာပင်လေးဟာ

အလျှင်စလို မော်တော်ကားမမောင်းဘဲ

အမြဲတမ်း အေးအေးဆေးဆေးပါပဲ။

ကျွန်တော့်ရဲ့ သံပုရာပင်လေးဟာ

ဘောလုံးကွင်းထဲ အလည်အပတ်မသွားသလို

ဘောလုံးပွဲကိုလည်း သူ့ ရှေ့မှောက်ခေါ်ပြီး

အော်တာ ဆဲတာ ကြွေးလောင်းတာ တက်ခေါက်တာ

မလုပ်ခဲ့ပါဘူး။

ကျွန်တော့်ရဲ့ သံပုရာပင်လေးဟာ

အေးအေးဆေးဆေးပါပဲ။

သူ့ကိုယ်ရန့်နဲ့ ကျွန်တော့်ကိုယ်ရန့် ပေါင်းစပ်ထားတဲ့
လက်ဆောင်ပစ္စည်းလေး တစ်ခုကို
ငွေမင်ရောင်စက္ကူနဲ့ ပက်ကင်လှလှ ပြုလုပ်ပြီး
ကျွန်တော့်ချစ်သူထံ အရောက်ပို့ဖို့အတွက်
လေညင်းကလေးကို သူ စောင့်နေလေရဲ့။ ။

**[ သရဖူ၊ ဒီဇင်ဘာ ]**

*